# Information Sheet



**VOLUME XI, ISSUE 5** 5 December 2021

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ | ၁ |
| ၂ | ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ | ၆ |
| ၃ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၇ |
| ၄ | တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၆၄ သန်းကျော်ရရှိ | ၉ |
| ၅ | ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက် လက်ခံလျက်ရှိ | ၁၀ |
| ၆ | ကန်ပက်လက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက် | ၁၁ |

# Information Sheet

## ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားနေမှု

ဒီဇင်ဘာလ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပပြုလုပ်ခဲ့သော ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဂုဏ်ပြုအမှာစကား ကောက်နုတ်ချက်မှာ-

- စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျက်နှာစာဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုးတိုးတက်ဖွံ့ဖြိုးရေးတွင် အရေးပါလှသည့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို မြန်မာ့သမိုင်း၏ဖြစ်ပေါ်တိုးတက်မှုများတွင် အထင်အရှားတွေ့နိုင်မည်ဖြစ်ကြောင်း။
- မြန်မာလူမျိုးနှင့် မြန်မာစာပေသည် ခေတ်အဆက်ဆက် မကင်းမကွာရှိနေခဲ့ပြီး အမျိုးသားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် စာပေနှင့် ပြည်သူတို့ အပြန်အလှန် အကျိုးပြုနိုင်ခဲ့သည့် သာဓကများစွာရှိခဲ့ကြောင်း။
- မြန်မာစာပေ၏ သက်တမ်းသည် ပုဂံခေတ် ၁၂ ရာစု အစမှ မျက်မှောက်ခေတ်အထိဆိုပါက နှစ်ပေါင်း ၁၀၀၀ နီးပါးရှိပြီဖြစ်ပြီး မြန်မာဘာသာစကားနှင့် မြန်မာစာပေသည် မြန်မာ့သမိုင်းရေစီးကြောင်းတွင် ခိုင်မာတည်တံ့စွာ ထင်လင်းခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊
- မိမိနိုင်ငံနှင့် လူမျိုးအတွက် အသိဉာဏ် အမြော်အမြင်နှင့် စိတ်ဓာတ်အင်အားကို ဖွံ့ဖြိုးစေလိုသည့်စေတနာဖြင့် သုတရသစာပေအဖြာဖြာကို အားထုတ်ရေးဖွဲ့ခဲ့သည့် စာပေကလောင်ရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ ကျေးဇူးတရားကို အလေးအမြတ် ဂုဏ်ပြုရမည်ဖြစ်ကြောင်း။
- ၁၉၄၄ ခုနှစ်တွင် ပထမအကြိမ် စာဆိုတော်နေ့ကို ကျင်းပခဲ့သည့်အတွက် ယခုနှစ်ဆိုပါက နှစ်ပေါင်း ၇၇ နှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများအတွက် မြန်မာနိုင်ငံတစ်နံတစ်လျားတွင် နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့ဝန်းကျင်အချိန်သည် စာပေဆိုင်ရာလှုပ်ရှားမှုများဖြင့် ဝေစည်နေသည့် ကာလဖြစ်ကြောင်း။
- စာဆိုတော်နေ့အကြိုနှင့် စာဆိုတော်နေ့နောက်ပိုင်းအချိန်အထိ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးဝါကြီး စာရေးဆရာကြီးများ ကန်တော့ပွဲများ၊ စာပေဟောပြောပွဲများ၊ စာပေပြိုင်ပွဲများ၊ စာအုပ်စာပေပြပွဲများ ကျင်းပလေ့ရှိပြီး စာဆိုတော်နေ့အထိမ်းအမှတ် စာစောင်၊ မဂ္ဂဇင်းတွေလည်း ထုတ်ဝေကြကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာ့ယဉ်ကျေးမှုအနုပညာ နယ်ပယ်အသီးသီးဖြာထွက်ရာ ပင်မမဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသူ ဆရာကြီး ဦးမောင်မောင်လတ်(နောင်)အား ဆုပေးအပ်ချီးမြှင့်နေမှု**

မှန်းပြီး စာဆိုတော်ကြီးများ၏ အကောင်းဆုံးစာပေလက်ရာများကို ရွေးချယ်ကာ အမျိုးသားစာပေဆုအဖြစ် နှစ်စဉ် စာဆိုတော်နေ့တွင် ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိကြောင်း။

- ကမ္ဘာကို မြန်မာကသိအောင် ဘာသာပြန်စာအုပ်များ ထုတ်ဝေခဲ့သကဲ့သို့ ပြည်သူအများ ဗဟုသုတနှင့် ဉာဏ်ပညာဖွံ့ဖြိုးစေမည့် စာအုပ်စာပေများကိုလည်း ထုတ်ဝေခဲ့သည့်အပြင် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် စာပေဆုများ ချီးမြှင့်သည့်လုပ်ငန်းကိုပါ ဆောင်ရွက်လာခဲ့ကြောင်း။
- မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကို အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့် "အမျိုးသားစာပေတစ်သက်တာဆု"ကို ၂၀၀၁ ခုနှစ်တွင် စတင်ပြီးချီးမြှင့်ခဲ့ကြောင်း။
- ယခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ စေတနာဖြင့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်လိုမှု၊ စာပေပညာရှင်ကြီးများ၏ လူမှုဘဝပိုမိုဖူလုံစေမှုတို့ဖြင့် ယခင်ကအမျိုးသားစာပေတစ်သက်တာဆုကို ကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ကျပ်သိန်း ၁၀၀ ချီးမြှင့်မှာဖြစ်ပြီး အမျိုးသားစာပေဆုတွင် ယခင်က ၂၅ သိန်းချီးမြှင့်ရာမှ ယခုနှစ်တွင် ကျပ်သိန်း ၃၀၊ စာပေဗိမာန် စာမူဆုများကိုလည်း ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ် ၇ သိန်း၊ တတိယဆု ကျပ် ၅ သိန်းမှ ယခုပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆုကျပ် ၁၀ သိန်း၊ တတိယဆု ကျပ် ၇ သိန်း တိုးတက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။
- ယနေ့အခမ်းအနားတွင် အမျိုးသားစာပေဆုအတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁,၁၂၂ အုပ်အတွင်းမှ ဘာသာရပ် ၁၉ ခုအနက် ဘာသာရပ် ၁၂ ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၅၉ စောင်အတွင်းမှ ဘာသာရပ် ၁၃ ခုအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၇ ခုကို ဆုများချီးမြှင့်သွားမှာဖြစ်ကြောင်း။
- စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာအဖွဲ့အစည်းများသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ပြောင်းလဲခဲ့ချိန်တွင်လည်း အစိုးရ၏မူဝါဒအပေါ်မူတည်ပြီး နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရကြောင်း။
- အနုပညာရှင်များအပေါ်မှာ ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် အလေးထားမှုကို ဖော်ပြသည့်အနေဖြင့် နိုဝင်ဘာလ ၁ ရက်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရပ်ဝန်းအသီးသီးတွင် အနုပညာရှင်များနှင့် တွေ့ဆုံအားပေးခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ရန်ပုံငွေကျပ်သိန်း ၄,၀၀၀ ကို မတည်ငွေအဖြစ် ပေးအပ်ထောက်ပံ့ခဲ့ကြောင်း။
- မိမိတို့ ဦးတည်ဆောင်ရွက်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတွင် စွမ်းရည်ထက်မြက်သည့် လူချွန်လူမွန်များ၊




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်နေမှု**

အရည်အချင်းနှင့် အရည်အသွေးပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊

- နိုင်ငံ၏မျိုးဆက်သစ်လူငယ်များ၏ နှလုံးရည်၊ ဉာဏ်ရည်များ မှန်ကန်စွာ ဖွံ့ဖြိုးရေးအတွက် စာပေလေ့လာဖတ်ရှုမှု အလေ့အထကို တိုးမြှင့်ပေးရန် လိုအပ်ပြီး လူငယ်များ စာပေလေ့လာမှုနှုန်း မြင့်မားလာသည်နှင့်အမျှ ခေတ်မီလူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝလာမည်ဖြစ်ကြောင်း၊
- မိမိတို့၏နိုင်ငံသူနိုင်ငံသားများ စာပေလေ့လာဖတ်ရှုမှု အရှိန်အဟုန် မြင့်မားလာစေရန်အတွက် စာကြည့်တိုက်များကိုလည်း ခေတ်မီဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် လိုအပ်ပြီး စာကြည့်တိုက်မှတစ်ဆင့် သမိုင်းဆိုင်ရာများ၊ ဘာသာရပ်ပိုင်းဆိုင်ရာများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ ဗဟုသုတများကို ပေးစွမ်းနိုင်သည့်အတွက် စာကြည့်တိုက်များတွင် စာကောင်းပေမွန်များ ပြည့်စုံအောင်ထားရှိရန် လိုအပ်ကြောင်း၊
- နိုင်ငံ့သမိုင်းရေစီးကြောင်းတွင် စာပေပညာရှင်ကြီးများသည် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှာ ခေတ်၏လိုအပ်ချက်အတိုင်း ကလောင်လက်နက်နှင့် အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်းခဲ့ကြသည်ကို အထင်အရှားတွေ့ရှိရကြောင်း၊
- နိုင်ငံသူ/နိုင်ငံသားများ အတွေးအခေါ်မှန်ကန်စေရန်၊ နည်းလမ်းမှန်ကန်သော အသိဉာဏ်ဗဟုသုတ တိုးပွားစေရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊ လူသားအရင်းအမြစ် အရည်အသွေးတိုးတက် တောက်ပြောင်စေရန် "စာပေ"အားဖြင့် ထိန်းကျောင်းတည့်မတ်ပေးသွားရမည်ဖြစ်ကြောင်း၊
- ကမ္ဘာပေါ်တွင်ရှိသည့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို စာပေနှင့် ယဉ်ကျေးမှုကို အထူးတန်ဖိုးထားကြရပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံမှုမှ စာပေယဉ်ကျေးမှုများဖလှယ်နိုင်ပြီး စာပေမှတစ်ဆင့် ဘာသာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်တို့ ပြန့်ပွားဖလှယ်နိုင်ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊
- မြန်မာစာဆိုကြီးများ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ရေးခဲ့သည့်စာပေများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် ခေတ်ကာလအမျိုးမျိုးကြားက နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းစေကာမူ ကမ္ဘာ့အလယ်တွင် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊
- မိမိတို့ခေတ်၊ နောင်မျိုးဆက်သစ်များ၏ ခေတ်တွင်လည်း တန်ဖိုးမဖြတ်နိုင်သည့် ဤမွန်မြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိသကဲ့သို့ နှီးဆော်မှုများ၊ ရေးသားစပ်ဆိုမှုများကို စာပေပညာရှင်များ၊ စာပေသုတေသီများက မျိုးဆက်သစ်ကလောင်ရှင်များကို စေတနာကောင်းနှင့် လက်ဆင့်ကမ်းခဲ့ကြရန် တိုက်တွန်းလိုကြောင်း မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများ၊ အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ပေးအပ်ချီးမြှင့်ခဲ့ရာ ဆုရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက လက်ခံရယူကြပြီး ဆုရရှိသူများကိုယ်စား အမျိုးသားစာပေတစ်သက်တာစာပေဆုရှင် ဆရာကြီး ဦးစိန်လှိုင်(သူရဇော်)က ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသော စာအုပ်၊ စာပေများကို လိုက်လံကြည့်ရှုလေ့လာနေမှု**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၁)**

- **စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျက်နှာစာဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုးတိုးတက်ဖွံ့ဖြိုးရေးတွင် အရေးပါလှသည့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို မြန်မာ့သမိုင်း၏ဖြစ်ပေါ်တိုးတက်မှုများတွင် အထင်အရှားတွေ့နိုင်မည်ဖြစ်ကြောင်း။**
- **မြန်မာလူမျိုးနှင့် မြန်မာစာပေသည် ခေတ်အဆက်ဆက် မကင်းမကွာရှိနေခဲ့ပြီး အမျိုးသားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် စာပေနှင့်ပြည်သူတို့ အပြန်အလှန် အကျိုးပြုနိုင်ခဲ့သည့် သာဓကများစွာ ရှိခဲ့ကြောင်း။**
- **ယခင်က အမျိုးသားစာပေတစ်သက်တာဆုကို ကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ကျပ်သိန်း ၁၀၀ ချီးမြှင့်မှာဖြစ်ပြီး အမျိုးသားစာပေဆုတွင် ယခင်က ၂၅ သိန်းချီးမြှင့်ရာမှ ယခုနှစ်တွင် ကျပ်သိန်း ၃၀ ထိ တိုးမြှင့်၍ စာပေဗိမာန်စာမူဆုများကိုလည်း ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ် ၇ သိန်း၊ တတိယဆု ကျပ် ၅ သိန်းမှ ယခုပထမဆုကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၀ သိန်း၊ တတိယဆု ကျပ် ၇ သိန်း တိုးတက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။**
- **စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာအဖွဲ့အစည်းများသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်တွင်လည်း အစိုးရ၏မူဝါဒအပေါ် မူတည်ပြီး နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရ။**
- **နိုင်ငံ၏မျိုးဆက်သစ်လူငယ်များ၏ နှလုံးရည်၊ ဉာဏ်ရည်များ မှန်ကန်စွာ ဖွံ့ဖြိုးရေးအတွက် စာပေလေ့လာဖတ်ရှုမှု အလေ့အထကို တိုးမြှင့်ပေးရန် လိုအပ်ပြီး လူငယ်များ စာပေလေ့လာမှုနှုန်း မြင့်မားလာသည်နှင့်အမျှ ခေတ်မီလူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝလာမည်ဖြစ်ကြောင်း။**

# ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ




အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာရေးဆရာ/မကြီးများအား နေ့လယ်စာဖြင့် ဧည့်ခံနေမှု




ဆုရရှိသူများကိုယ်စား အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးစိန်လှိုင်က ကျေးဇူးတင်စကားပြောကြားနေမှု




ပြည်ထောင်စုဝန်ကြီးများက ဆုပေးအပ်ချီးမြှင့်နေမှု

# ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ဒီဇင်ဘာလ ၄ ရက်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံ၍ လာမည့် ဇန်နဝါရီတွင် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက–

- တက္ကသိုလ်၊ သင်ကြားစီမံဌာနများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်ရှိ ဌာနတစ်ခုချင်းစီ၏ စာကြည့်တိုက်များတွင် စာအုပ်များ ဖြည့်ဆည်းပေးရန် ဘတ်ဂျက်နှင့် ဗီရို၊ စာအုပ်စင်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ လာမည့်ဇန်နဝါရီလတွင် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို မတ်လ ၃၀ ရက်မှ ဧပြီလ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း။
- နိုင်ငံခြားတက္ကသိုလ်များနှင့် ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကို တက္ကသိုလ်များအနေဖြင့် လွတ်လပ်စွာလက်မှတ်ရေးထိုးခွင့်ပြုထားကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့သည် စံပြထိပ်တန်းတက္ကသိုလ်များဖြစ်အောင် ဦးတည်ဖော်ဆောင်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့။

ထို့နောက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းသို့ သွားရောက်၍ လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ရန်မှာကြားခဲ့ပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၅–၁၂–၂၀၂၁)**

- **လာမည့်ဇန်နဝါရီလတွင် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို မတ်လ ၃၀ ရက်မှ ဧပြီလ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်။**
- **ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့အား စံပြထိပ်တန်းတက္ကသိုလ်များဖြစ်အောင် ဦးတည်ဖော်ဆောင်ရမည်ဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက် ရှိရာ ဒီဇင်ဘာလ ၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၈,၇၅၆ ဦးအားလည်းကောင်း၊ ပထမ အကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၂၂၇,၄၇၉ ဦးအားလည်း ကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၄ ရက်တွင် ဒုတိယ အကြိမ်အဖြစ် ၅၁,၂၈၁ ဦးအားလည်းကောင်း၊ ပထမ အကြိမ်အဖြစ် ၄,၁၉၂ ဦးအားလည်းကောင်း ကာကွယ် ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၄ ရက်အထိ စုစုပေါင်း ၁,၃၅၁,၅၈၇ ဦးအား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ချင်းပြည်နယ်၊ ဖလမ်းမြို့၌ လူစည်ကားသည့်နေရာများနှင့် လူအများဝင်ထွက်သွားလာသည့်နေရာများတွင် သက်ဆိုင် ရာတာဝန်ရှိသူများက ပြည်သူများအား RDT Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးရှိ/ မရှိ အခမဲ့စစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိ။
- ရန်ကုန်တိုင်းဒေသကြီးရှိ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးမှုများ နှင့် နှာခေါင်းစည်း (Mark) အခု ၆၀,၀၀၀ ကျော်ကို နေရာ ၂ ခု ခွဲ၍ (၁၀) ကြိမ်မြောက် အခမဲ့ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက် ပေးလျက်ရှိရာ-

- ဒီဇင်ဘာလ ၁ ရက်မှ ၄ ရက်အတွင်း ကုမ္ပဏီ ၈၁ ခုမှ ယာဉ် ၁၆၆ စီးဖြင့် အောက်ဆီဂျင်အရည် Bowser ယာဉ်ဖြင့် ၄၀၆ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ Bowser ယာဉ်ဖြင့် ၆ တန်၊ အောက်ဆီဂျင်အိုးခွံ ၁၀,၁၈၈ ခု၊ အောက်ဆီဂျင် ထုတ်သည့်စက် ၄၆ ခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် ၁၆ ခု၊ အိမ်သုံးအောက် ဆီဂျင်စက် ၉၆၂ ခု၊ တစ်ကိုယ် ရည်သုံးကာကွယ်ရေးဝတ်စုံ ၈၃,၈၄၀ စုံ၊ လက်အိတ် ၄၃ တန်နှင့် နှာခေါင်းစည်း တန် ၈၃၀ တင်သွင်းခွင့်ပြုခဲ့ပြီး။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ ဒီဇင်ဘာလ ၄ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၉,၅၀၀ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၄ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၉၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၄-၁၂-၂၀၂၁ ရက် အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅,၆၆၅,၇၆၇ ခုအား စစ်ဆေးခဲ့ ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၄,၁၂၂ ဦးနှင့် သေဆုံးသူစုစု ပေါင်း ၁၉,၁၃၅ ဦး ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၁)**



တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ရန်ကုန်တိုင်းဒေသကြီးရှိ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် Mask များ ဝေငှနေမှု



နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးနေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၈,၇၅၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၂၂၇,၄၇၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၃၅၁,၅၈၇ ဦး အား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၄-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅,၆၆၅,၇၆၇ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၄,၁၂၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၁၃၅ ဦး ဖြစ်ပြီး ၄-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၉၂ ရာခိုင်နှုန်းရှိ။

# တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၆၄ သန်းကျော်ရရှိ




ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်၌ နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ တစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီခုနစ်ခု၏ စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၆၄ သန်းကျော် ရရှိကြောင်း ရန်ကုန်စတော့ရှယ်အိတ်ချိန်း၏ စာရင်းအရ သိရှိရပါသည်။

တစ်ပတ်တာကာလအတွင်း ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီခုနစ်ခု၏ အရောင်းအဝယ်ပြုလုပ်ရာတွင် ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေထက်ဝက်ကျော် ပိုမိုအရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ တစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ အရောင်းအဝယ်ပြုလုပ်မှုအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းကုမ္ပဏီ ၇ ခုဖြစ်သော First Myanmar Investment Public Co.,Ltd.(FMI)၊ Myanmar Thilawa SEZ Holdings Public Co.,Ltd.(MTSH)၊ Myanmar Citizens Bank Ltd.(MCB)၊ First Private Bank Ltd.(FPB)၊ TMH Telecom Public Co.,Ltd.၊ Ever Flow River Group Public Co.,Ltd(EFR)၊ AMATA Holding Public Co., Ltd. ကုမ္ပဏီများက စုစုပေါင်း စတော့ရှယ်ယာအစောင်ရေ ၁၇,၀၆၂ စောင်မှ ငွေကျပ် ၆၄,၂၀၃,၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၁)**

- **နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ တစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီ ၇ ခုက စုစုပေါင်း စတော့ရှယ်ယာအစောင်ရေ ၁၇,၀၆၂ စောင်မှ ငွေကျပ် ၆၄,၂၀၃,၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့။**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက် လက်ခံလျက်ရှိ





ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာလ ၁ ရက်မှ ၄ ရက်အထိ-

- ကချင်ပြည်နယ်၊ ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁၂၅ ဦး၊
- ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၇၀၀ ဦး၊
- ရှမ်းပြည်နယ် တာချီလိတ်နယ်စပ်ဂိတ်၊ မူဆယ်နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်တို့မှ ပြန်လည်ဝင်ရောက်လာသူ ၇၇၅ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၄-၁၂-၂၀၂၁ ရက်အထိ ၅၁,၉၉၀ ဦး ပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၁)**

- **ဒီဇင်ဘာလ ၁ ရက်မှ ၄ ရက်အထိ ပြည်ပနိုင်ငံများမှ နေရပ်ပြန်သူစုစုပေါင်း ၁,၆၀၀ ဦး တို့သည် ကန်ပိုက်တီ၊ မြဝတီ၊ တာချီလိတ်၊ မူဆယ်နှင့် လောက်ကိုင် နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၄-၁၂-၂၀၂၁ ရက်အထိ ၅၁,၉၉၀ ဦး ပြန်လည်ဝင်ရောက်လာခဲ့။**

## ကန်ပက်လက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်



**ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်မှုပြမြေပုံ**

NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်ကို အနှောက်အယှက်ဖြစ်စေရန်နှင့် အေးချမ်းစွာ နေထိုင်ကြသော ပြည်သူလူထုအား ထိခိုက်ဒဏ်ရာရရှိစေရန်ရည်ရွယ်၍ အချို့နေရာများတွင် စာသင်ကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသည်။

ဒီဇင်ဘာလ ၃ ရက်တွင် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား CDF အမည်ခံအကြမ်းဖက်အဖွဲ့မှ အင်အား ၅၀ ဦးခန့်က ကျောင်း၏ တောင်ဘက်ဘောလုံးကွင်းအနီးမှလည်းကောင်း၊ ကျောင်း၏ မြောက်ဘက်ရပ်ကွက်အတွင်းရှိ လူနေအိမ်များအတွင်းမှလည်းကောင်း လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွား၍ ၎င်းတို့ပစ်ခတ်မှုကြောင့် စာသင်ဆောင်ရှိ ပြတင်းတံခါးမှန်များ ပျက်စီးခဲ့ပါသည်။

ကန်ပတ်လက်မြို့မှ CDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းမြို့တွင် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ လုံခြုံမှုအား စိတ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း အနှောင့်အယှက်ဖြစ်စေရန်၊ အများပြည်သူနှင့်သက်ဆိုင်သော စာသင်ကျောင်းအဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးခြင်းဖြင့် ပြုလုပ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းအကြမ်းဖက်အဖွဲ့များအား အမြန်ဆုံးဖမ်းဆီးနိုင်၍ ထိရောက်ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးကို လိုလားလျက်ရှိပါသည်။

ထိုသို့ စစ်ဘက်ပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပြည်သူလူထုပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၁)**

- **CDF အမည်ခံအကြမ်းဖက်အဖွဲ့သည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့ပစ်ခတ်မှုကြောင့် စာသင်ဆောင်ရှိ ပြတင်းတံခါးမှန်များ ပျက်စီးခဲ့။**